အောက်တိုဘာလ 15 ရက်၊ 2024

# Cedar Grove High အထက်တန်းကျောင်း နှင့် Kingsley Elementary မူလတန်းတို့တွင် ကျောင်းအုပ်အသစ်များအား ကြိုဆိုဂုဏ်ပြုလိုက်သည့် DCSD

စာသင်ကျောင်း နှစ်ကျောင်းသည် ဂုဏ်ယူစွာဖြင့် ၎င်းတို့၏ ခေါင်းဆောင်အသစ်များအား လက်ခံကြိုဆိုခဲ့ကြပြီး၊ Dr. Malik Douglas သည် Cedar Grove အထက်တန်းကျောင်းအား တာဝန်ယူပဲ့ကိုင်သွားမည် ဖြစ်ကာ Dr. Laurie Jackson မှာမူ Kingsley မူလတန်းကျောင်းအား ဦးဆောင်သွားမည် ဖြစ်ပါသည်။

Dr. Douglas သည် Henry ကောင်တီရှိ Eagle's Landing အလယ်တန်းကျောင်းတွင် ကျောင်းအုပ်တစ်ဦးအဖြစ် ဆယ်နှစ်ကြာ တာဝန်ယူခဲ့ဖူးသည့် အထင်ကြီးလေးစားဖွယ်သော အတွေ့အကြုံရှိသူ ဖြစ်သည်။ ပညာရေးပိုင်း များပြားလှစွာသော အတွေ့အကြုံများအပြင် ၎င်းထံ၌ ထူးချွန်ပြောင်မြောက်သော စစ်တပ်ဆိုင်ရာ နောက်ခံအတွေ့အကြုံများလည်း ရှိပြီး၊ ၎င်းသည် အမေရိကန်ပြည်ထောင်စု ရေတပ် နှင့် အမေရိကန်ပြည်ထောင်စု ခြေလျင်တပ် နှစ်ခုစလုံးတွင် 1989 ခုနှစ်ကတည်းက တာဝန်ထမ်းဆောင်ခဲ့ဖူးသူ ဖြစ်သည်။ အထူးသဖြင့် ဇန်နဝါရီလ 2024 ၌ ၎င်းသည် U.S. စစ်တပ်တွင် ဒုတိယ ဗိုလ်မှူးကြီးတစ်ဦး ဖြစ်လာခဲ့သည်။

Dr. Jackson မှာမူ အမြဲတမ်းခန့်အပ်ခံရသော ကျောင်းအုပ်တစ်ဦးအဖြစ် တာဝန်မချမှတ်ခံရမီ Kingsley ၌ ခုနှစ်ပတ်ကြာ ကြားဖြတ် ကျောင်းအုပ်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်သည်။ ခရိုင်တွင် တာဝန်ထမ်းဆောင်ခဲ့သော သူမ၏ လုပ်ငန်းသက်မှာ 2001 ကတည်းက စတင်ခဲ့ခြင်း ဖြစ်ပြီး၊ သူမသည် ဆရာတစ်ဦးအဖြစ်၊ ညွှန်ကြားပို့ချမှုဆိုင်ရာ နည်းပြတစ်ဦးအဖြစ်၊ ညွှန်ကြားပို့ချမှုဆိုင်ရာ ပံ့ပိုးထောက်ပံ့မှု အထူးကျွမ်းကျင်ပညာရှင်အဖြစ်၊ ထို့ပြင် လက်ထောက်ကျောင်းအုပ်တစ်ဦးအဖြစ် အစရှိသည်တို့အပါအဝင် အမျိုးမျိုးသော ကဏ္ဍများတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသူ ဖြစ်သည်။

"ကျောင်းပညာသင်နှစ် နှစ်လယ်လောက်မှာ ဒီလိုခက်ခဲတယ်လို့ ယူဆရတဲ့ ကျောင်းအုပ်ရာထူးကို တာဝန်ယူပေးကြပြီး၊ ထူးချွန်လှတဲ့ ဒီခေါင်းဆောင်နှစ်ဦးကို ဂုဏ်ပြုပါတယ်၊" ဟု DCSD ကြီးကြပ်သူဌာနမှူးဖြစ်သူ Dr. Devon Q. Horton မှ ဆိုသည်။ "ဒီထူးချွန်လှတဲ့ စာသင်ကျောင်း နှစ်ကျောင်းကို *အသစ်သော အဆင့်နေရာနဲ့ အသစ်သော အမြင့်နေရာများ*သို့ ရောက်ရှိစေဖို့အတွက် ဒီခေါင်းဆောင်များ ဘယ်လို ဆက်လက်ပြီး တာဝန်ခံယူ၊ ဆောင်ရွက်သွားကြမလဲ ဆိုတာကို ကျွန်ုပ်တို့ စိတ်လှုပ်ရှားစွာနဲ့ မြင်တွေ့ ကြည့်ရှုရမှာ ဖြစ်ပါတယ်။"

XXX